## *အမ်ချမ်မြန်မာနှင့် ကျင့်ဝတ်*

## *လုပ်ငန်းတာဝန်*

အောက်ပါတို့သည် အမ်ချမ်မြန်မာ ("AMCHAM") နှင့် အဖွဲ့ဝင်များ၏ ရည်မှန်းချက်များ ဖြစ်သည်။

- မြန်မာနိုင်ငံတွင် အမေရိကန်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ရန်
- အမေရိကန်အစိုးရနှင့် ဆက်သွယ်လုပ်ဆောင်ရန် အမေရိကန် စီးပွားရေးလုပ်ငန်းများအတွက် တူညီသော အသံတစ်ခုအဖြစ် ဆောင်ရွက်ရန်
- မြန်မာနိုင်ငံရှိ ကုမ္ပဏီများနှင့် လက်တွဲလုပ်ဆောင်ရန်အတွက် အမေရိကန်ကုမ္ပဏီများအား တိုက်တွန်းနှိုးဆော်ရန်
- မြန်မာနိုင်ငံဈေးကွက်ကို စိတ်ဝင်စားသော လုပ်ငန်းများအတွက် မြေပြင်ရှိ အခွင့်အရေးများနှင့် ပကတိအခြေအနေများကို ဆက်သွယ်အသိပေးဆောင်ရွက်ရန်
- အကောင်းဆုံး စံနှုန်းများကို မျှဝေပြီး စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဝန်ယူမှုများကို တိုက်တွန်းနှိုးဆော်ခြင်းဖြင့်  စွမ်းဆောင်ရည်မြင့်တက်မှုကို ပံ့ပိုးဆောင်ရွက်ရန်

## **စီးပွားဆိုင်ရာကျင့်ဝတ်**

အမ်ချမ်သည် ဘက်လိုက်မှုကင်းပြီး အကျိုးအမြတ်အတွက် မဟုတ်သည့် အဖွဲ့အစည်း တစ်ခု ဖြစ်သည်။ လွတ်လပ်စွာ ကုန်သွယ်မှု သဘောတရားများ၊ လွတ်လပ်သော ဈေးကွက်သဘောတရားများ၊ ပုဂ္ဂလိကလုပ်ငန်း သဘောတရားများ၊ အကန့်အသတ်မရှိသော အချက်အလက်များ ရရှိနိုင်မှု သဘောတရားများနှင့် စီးပွားကျင့်ဝတ်သဘောတရား စသည်တို့ကို ထောက်ခံအားပေးပါသည်။

ကောင်းမွန်သည့် ကျင့်ဝတ်များနှင့် ကောင်းမွန်သော စီးပွားရေးတို့ ယှဉ်တွဲနေမှုသည် ကျွန်ုပ်တို့ ခံယူချက်၏ အခြေခံကျသောအချက် ဖြစ်ပါသည်။ လူမှုဘဝဖူလုံရေးနှင့် လွတ်လပ်သော စီးပွားရေးလုပ်ငန်း သဘောတရားများအား  တိုက်တွန်းနှိုးဆော်ခြင်းဖြင့် အမေရိကန် စီးပွားရေးများသည် အပြုသဘောဆောင်သော လူမှုအပြောင်းအလဲအတွက် အရေးပါသော အထောက်အကူတစ်ခု ဖြစ်စေမည် ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ အမေရိကန် ကုမ္ပဏီ များသည် စီးပွားရေးကျင့်ဝတ်နှင့်ပတ်သက်၍ အမြင့်မားဆုံး စံနှုန်းများ ကျင့်သုံးလျက် ရှိကြောင်းကို အမ်ချမ်မှ အသိအမှတ် ပြုပါ သည်။

အဖွဲ့ဝင်များအနေဖြင့် မိမိတို့ လုပ်ရှားလုပ်ကိုင်နေသည့် ဈေးကွက်များတွင် လူမှုကောင်းကျိုးအတွက် ပြုလုပ်နေသော စီးပွားရေးကျင့်ဝတ်ဆိုင်ရာ  မိမိတို့၏ လတ်တလော အစီအစဉ်များနှင့် မိမိတို့ ကျင့်သုံးသည့် ကျင့်ဝတ်အကြောင်းတို့ကို အသိပေးအကြောင်းကြားရန် အဖွဲ့ဝင်များအား တိုက်တွန်းပါသည်။

**အမ်ချမ်မှ အောက်ပါအချက်များကို အားပေးထောက်ခံပါသည် -**

- သက်ဆိုင်ရာ ဥပဒေများအားလုံးကို လိုက်နာခြင်း
- လူမှုလုပ်ငန်း ကောင်းကျိုးပြု စီးပွားရေး လုပ်ငန်းကျင့်ဝတ်ကို ကျင့်သုံးခြင်း
- လူတစ်ဦးချင်းစီနှင့် အလုပ်သမားတိုင်း၏ ဂုဏ်သိက္ခာကို လေးစားခြင်း
- ဝန်ထမ်းများကို သင်တန်းပို့ချခြင်းနှင့် လေ့ကျင့်ပေးခြင်း
- သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်း စောင့်ရှောက်တတ်သော တာဝန်သိ လုပ်ငန်း ဆောင်ရွက်မှုများ အတိုင်း ဆောင်ရွက်ခြင်း
- ဈေးကွက်ကို ဝင်ရောက်လာနိုင်ခြင်းနှင့် တီထွင်မှုမူပိုင်ခွင့် စသည်တို့ကို ဖွံ့ဖြိုးတိုးတက်စေခြင်း
- အဆင့်အတန်းမြင့်သော ကျွမ်းကျင်သော စီးပွားရေးဆိုင်ရာ ကျင့်ဝတ်များကို လက်ကိုင်ပြုခြင်း၊
- အဖွဲ့ဝင်များအကြား ကျားမခွဲခြား ဆက်ဆံခြင်း၊ ဘာသာရေး (သို့) နိုင်ငံရေး ခံယူချက်အရ ခွဲခြား ဆက်ဆံခြင်းတို့ မရှိဘဲ တန်းတူညီမျှမှုကို ကျင့်သုံးခြင်း
- ဘက်လိုက်မှုရှိသော မည်သည့် နိုင်ငံရေးအစီအစဉ်ကို မဆို ကြော်ငြာရန်အတွက် အမ်ချမ်ကို လမ်းကြောင်းတစ်ခု အနေဖြင့် အသုံးပြုခြင်းမှ ရှောင်ကြဉ်ခြင်း

***အဖွဲ့ဝင်များအတွက် ကျင့်ဝတ်***

*အမ်ချမ်မြန်မာ ("AMCHAM") သည်* အမေရိကန်နိုင်ငံ၏ စီးပွားရေး အကျိုးများနှင့် တန်ဖိုးများကို ကိုယ်စားပြုထားပြီး ကျယ်ပြန့်အောင် တိုက်တွန်း နှိုးဆော်ပါသည်။ ထို့ကြောင့် အဖွဲ့ဝင်များသည် အောက်ပါ အချက်များကို လိုက်နာရန် လိုအပ်ပါသည်။

- *ပညာရှင်ကျင့်ဝတ်များနှင့် ပုဂ္ဂိုလ်ရေးရာ ဂုဏ်သိက္ခာ၏ အမြင့်မားဆုံးအဆင့်ကို ထိန်းသိမ်းထားရန်*
- စီးပွားရေးလုပ်ရာတွင် ပွင့်လင်းမြင်သာမှု၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားမှု စသည်တို့ကို ကျင့်သုံးရန်
- အစည်းအဝေးများနှင့် အခြားသော တွေ့ဆုံဆက်ဆံမှုများတွင် *တစ်ဦးနှင့်တစ်ဦး အကြား အမြင့်မားဆုံး လေးစားမှု ထားရှိရန်*

*အဖွဲ့ဝင်များ အားလုံးနှင့် အဖွဲ့ဝင်များ၏ ကိုယ်စားလှယ်များ ("အဖွဲ့ဝင်များ") သည် အောက်ပါ အဖွဲ့ဝင် ကျင့်ဝတ်များကို အမ်ချမ်အတွင်း လိုက်နာရန် လိုအပ်ပါသည်။*

၁။ AMCHAM (လူပုဂ္ဂိုလ်တစ်ဦး)နှင့် ဆက်သွယ်မှုရှိသော လူတစ်ဦးအပေါ်၌ ဖြစ်စေ၊ လူအချင်းချင်းကြားတွင် ဖြစ်စေ၊ သို့မဟုတ် အဖွဲ့အစည်း တစ်ခုအပေါ်၌ ဖြစ်စေ၊ အဖွဲ့အစည်းကြားတွင် ဖြစ်စေ၊ မည်ကဲ့သို့သော ခွဲခြား ဆက်ဆံခြင်း၊ မလေးမစား ဆက်ဆံခြင်းနှင့် ခြိမ်းခြောက်ခြင်း အမူများကို လက်ခံသွားမည် မဟုတ်ပါ။

၂။ တစ်ဦးတစ်ယောက်သည် အဖွဲ့ဝင်တစ်ယောက်မှ မိမိအား ထိခိုက်ပြောဆို ဆက်ဆံလာမည် ဟု ခံစားရပါက အမ်ချမ်အဖွဲ့ဝင် တစ်ဦးဦး သို့မဟုတ် အမ်ချမ်ဝန်ထမ်းတစ်ဦးဦး သို့မဟုတ် စီမံအုပ်ချုပ်သူ တစ်ဦးဦးကို ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဆက်သွယ်ရမည် ဖြစ်သည်။ ထိုကဲ့သို့သော တိုင်ကြားချက်များအား အမ်ချမ်၏ စီမံအုပ်ချုပ်ခန့်ရေးအဖွဲ့ ("ဘုတ်အဖွဲ့") ထံသို့ ဆက်လက်တင်ပြမည်ဖြစ်ပြီး လိုအပ်ပါက မေးမြန်းမှုများနှင့် အရေးယူမှုများ ပြုလုပ်သွားမည် ဖြစ်သည်။

၃။ ဤကျင့်ဝတ်ကို လိုက်နာရန် ပျက်ကွက်သော အဖွဲ့ဝင်အား တိုင်ကြားမှုများ ပြုလုပ်ရန်အတွက် တိုင်ကြားရန် မလိုအပ်ပါ။ ဖောက်ဖျက်မှုနှင့် ပတ်သက်ပြီးဖြစ်စေ တိုင်ကြားမှုများကို တရားဝင် ရေးသားပေးစရာ မလိုပါ။ ဤကျင့်ဝတ်ကို လိုက်နာရန် ပျက်ကွက်သော မည်သည့်အဖွဲ့ဝင်ကိုမဆို ဘုတ်အဖွဲ့မှ အရေးယူပိုင်ခွင့် ရှိပါသည်။

၄။ စုံစမ်းမေးမြန်းမှုများ ပြီးဆုံးသည့်အခါ အဖွဲ့ဝင်အပေါ် ပြုလုပ်သော တိုင်ကြားချက်သည် ပြစ်မှုထင်ရှားကြောင်း ခိုင်လုံပါက ထိုအဖွဲ့ဝင်ကို ဦးဆောင်ရာထူးမှ ဖယ်ရှားခြင်း (သို့) အဖွဲ့ဝင်ကြေး မည်သည့်ပမာဏမျှ ပြန်အမ်းရန် တာဝန်မရှိဘဲ AMCHAM အဖွဲ့ဝင်အဖြစ်မှ ထုတ်ပယ်ခြင်းတို့ကို AMCHAM မှ လုပ်ပိုင်ခွင့် ရှိပါသည်။ စည်းကမ်းအရ အရေးယူရန်အတွက် စီမံအုပ်ချုပ်သူဘုတ်အဖွဲ့၏ မဲအရေအတွက် အများစု ရရှိရုံဖြင့် ဆောင်ရွက်နိုင်ပါသည်။

၄။ ဤကျင့်ဝတ်များမှာ အောက်ပါအတိုင်း ဖြစ်သော်လည်း အများစုရရှိရုံဖြင့် ဆောင်ရွက်နိုင်ပါသည်။ ဤထက်လည်း ကျော်နိုင်ပါသည်။

- အမ်ချမ်၏ ဂုဏ်သိက္ခာ၊ အကျိုးစီးပွား၊ လူတစ်ဦးတစ်ယောက်ကို နာကျင်စေခြင်း သို့မဟုတ် ထိခိုက်စေခြင်း သို့မဟုတ် ထိခိုက်စေသော အပြုအမူများကို ရှောင်ရှားရန်
- လျှို့ဝှက်မှုဆိုင်ရာ ပြဌာန်းချက်များနှင့် AMCHAM ၏ အတွင်းရေး မူဝါဒများကို အမ်ချမ်၏ နည်းလမ်း များအတိုင်း လေးစားလိုက်နာရန်
- AMCHM နှင့် သက်ဆိုင်သော ငွေကြေးဆိုင်ရာ ကိစ္စရပ်များတွင် ပွင့်လင်းမြင်သာမှု ရှိရန်
- ပညာရှင်ဆန်သော အမူအကျင့်ဖြင့် ဆက်ဆံခြင်း၊ တစ်ပါးသူကို ထိခိုက် နစ်နာစေလိုသော ရည်ရွယ်ချက် ဖြင့် မလိုမုန်းထား ပြောဆိုမှုများအား ရှောင်ကြဉ်ခြင်းဖြင့် အခြားအဖွဲ့ဝင်များနှင့် ပြောဆို ဆက်ဆံရာတွင် အမ်ချမ်၏ ပွဲများ၊ အစည်းအဝေးပွဲ များနှင့် အခြားလှုပ်ရှားမှုများတွင် ယဉ်ကျေးပြီး အမြဲလေးစားမှုနှင့်

ယဉ်ကျေးမှု ရှိရန်။ ဤစကားရပ်တွင် မလို မုန်းထားသော၊ ထိခိုက် နစ်နာစေသော၊ ကြမ်းတမ်းသော အသရေပျက်စေသော၊ ထိခိုက်နာကျင်စေသော၊ ခြိမ်းခြောက်သော၊ ခွဲခြားဆက်ဆံသော သို့မဟုတ် သိက္ခာကျစေသော စကားလုံးများနှင့် မပြောဆိုရန်

- အီးမေးလ်၊ ဖုန်း၊ SMS၊ Messenger နှင့် လူမှုကွန်ယက်မီဒီယာ စသည့် ဆက်သွယ်ရေး ကွန်ယက်တို့ကို အသုံးပြု၍ AMCHAM သို့မဟုတ် အဖွဲ့ဝင်များနှင့် ပတ်သက်သော မလျော်ကန်သည့် မှတ်ချက်များနှင့် ထွက်ဆိုချက်များ ရေးသားခြင်းတို့ကို ရှောင်ကြဉ်ရန်
- ထုတ်ပြန်ထားသော သို့မဟုတ် အချိန်နှင့်အမျှ ပြောင်းလဲထုတ်ပြန်သည့် အမ်ချမ်၏ အခြေခံ ဖွဲ့စည်းပုံ စည်းမျဉ်းနှင့် အကျိုးအမြတ်ဆိုင်ရာ ပဋိပက္ခလမ်းညွှန်ချက်များ သို့မဟုတ် အခြားမူဝါဒများနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာရန်

### *အဖွဲ့ဝင် ကျင့်ဝတ်ဆိုင်ရာ သဘောထားထုတ်ပြန်ချက်*

အဖွဲ့ဝင်ကျင့်ဝတ်ဆိုင်ရာ မူဝါဒများကို ကောင်းစွာ ဖတ်ရှုပြီးဖြစ်၍ သဘောပေါက်ပြီး ဖြစ်ကြောင်း လက်မှတ်ရေးထိုး အတည်ပြုပါသည်။

____________________

*လက်မှတ်*

____________________

*အမည်နှင့် ရက်စွဲ*

| **မူ** | **အတည်ပြုသည့်ရက်စွဲ** | **နောက်တစ်ကြိမ် ပြန်လည် စိစစ်ရမည့် ရက်စွဲ** | **နောက်ဆုံးစိစစ်ပြီးသည့် ရက်စွဲ** | **ဦးဆောင်စိစစ်သူများ** | **လိုက်နာရမည့် ပုဂ္ဂိုလ်များ** |
|---|---|---|---|---|---|
| ၁.၀ | ဇွန်လ ၁၆၊ ၂၀၂၂ | ဇွန်လ ၂၀၂၄ | | အမှုဆောင်ဒါရိုက်တာ၊ အတွင်းရေးမှူး | အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် စီမံအုပ်ချုပ်သူများ |